LESSON 6

# この電車は池袋に行きますか

**Kono densha wa Ikebukuro ni ikimasu ka**

ဒီရထား အီခဲဘူကုရိုးကို သွားမှာပါလား။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | | |
|---|---|---|---|
| タム<br>တမ် | ： | すみません。<br>Sumimase⌝n. | တစ်ဆိတ်လောက်။ |
| 駅員<br>ဘူတာဝန်ထမ်း | ： | はい。<br>Ha⌝i. | ဟုတ်ကဲ့။ |
| タム<br>တမ် | ： | この電車は池袋に行きますか。<br>Kono densha wa Ikebu⌝kuro ni ikima⌝su ka. | ဒီရထား အီခဲဘူကုရိုးကို သွားမှာပါလား။ |
| 駅員<br>ဘူတာဝန်ထမ်း | ： | いいえ、行きません。<br>Iie, ikimase⌝n. | ဟင့်အင်း၊ မသွားပါဘူး။ |
| | | 池袋は山手線です。<br>Ikebu⌝kuro wa Yamanote-sen de⌝su. | အီခဲဘူကုရိုးက ယာမာနိုတဲလိုင်းပေါ်မှာပါ။ |
| タム<br>တမ် | ： | 山手線はどこですか。<br>Yamanote-sen wa do⌝ko de⌝su ka. | ယာမာနိုတဲလိုင်း ဘယ်မှာပါလဲ။ |
| 駅員<br>ဘူတာဝန်ထမ်း | ： | 3番線です。<br>San-ban-sen de⌝su. | စင်္ကြံအမှတ် (၃) ပါ။ |
| タム<br>တမ် | ： | わかりました。<br>Wakarima⌝shita. | နားလည်ပါပြီ။ |
| | | ありがとうございます。<br>Ari⌝gatoo gozaima⌝su. | ကျေးဇူးတင်ပါတယ်။ |

### ဝေါဟာရ

- この ဒီ — kono
- 電車 ရထား — densha
- いいえ ဟင့်အင်း — iie
- 山手線 ယာမာနိုတဲလိုင်း — Yamanote-sen
- ～番線 စင်္ကြံအမှတ် XXX — ～ban-sen
- わかる နားလည်တယ် — waka⌝ru

အဓိက အသုံးအနှုန်း

ရထား၊ ဘတ်စကားတွေ သွားတဲ့ နေရာကို မေးမြန်းနိုင်တယ်

**Can-do!**

# この電車(でんしゃ)は池袋(いけぶくろ)に行きますか。

**Kono densha wa Ikebuꜜkuro ni ikimaꜜsu ka.**

ဒီရထား အီခဲဘူကုရိုးကို သွားမှာပါလား။

ရထား၊ ဘတ်စကားတွေ သွားတဲ့နေရာကို မေးမြန်းတဲ့အခါ “Kono [ယာဉ်] wa [နေရာ] ni ikimasu ka” လို့ မေးနိုင်ပါတယ်။ “**kono**” ဆိုတာ “ဒီ” လို့ အဓိပ္ပာယ်ရပြီး နာမ်ရဲ့ အရှေ့မှာ ထည့်ရပါတယ်။ ကိုယ့်ရဲ့ အရှေ့မှာ ရှိနေတဲ့ ယာဉ်၊ ရထားအကြောင်းကို မေးမြန်းနေတာကို ဖော်ပြပါတယ်။ ဝိဘတ် “**ni**” ကတော့ သွားမယ့်၊ ရှေးရှုရာ နေရာကို ဖော်ပြတဲ့ ဝိဘတ်ပါ။ “**ikimasu**” ကတော့ “**iku**” “သွားတယ်” ရဲ့ MASU-ပုံစံ ကြိယာ ဖြစ်ပါတယ်။

**သုံးကြည့်ကြရအောင်**

この電車(でんしゃ)は秋葉原(あきはばら)に行(い)きますか。

Kono densha wa Akihaꜜbara ni ikimaꜜsu ka.

いいえ、行(い)きません。秋葉原(あきはばら)は1番線(ばんせん)です。

Iie, ikimaseꜜn. Akihaꜜbara wa ichi-ban-sen deꜜsu.

ဒီရထား အာကီဟာ့ဘာရကို သွားပါသလား။

ဟင့်အင်း၊ မသွားပါဘူး။ အာကီဟာ့ဘာရက စကြႍအမှတ် (၁) ပါ။



**ကြိုးစားကြည့်ရအောင်**

**この【ယာဉ်】は【နေရာ】に行(い)きますか。**

Kono【ယာဉ်】wa【နေရာ】ni ikimaꜜsu ka.

ဒီ [ယာဉ်] က [နေရာ] ကို သွားပါသလား။

| ① | | ② | |
|---|---|---|---|
| バス | 空港(くうこう) | 電車(でんしゃ) | 新宿(しんじゅく) |
| baꜜsu | kuukoo | densha | Shinjuku |
| ဘတ်စကား | လေဆိပ် | ရထား | ရှင်းဂျုကု |






ကိန်းဂဏန်းများ (၁-၁၀)

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 |
|---|---|---|---|---|---|---|---|---|---|
| ichiꜜ | niꜜ | san | yoꜜn | goꜜ | rokuꜜ | naꜜna | hachiꜜ | kyuꜜu | juꜜu |

ဆက်စပ်တိုးပွား စကားလုံးများ


©NHK WORLD-JAPAN



ဟာ့ရှုစံရဲ့ ဗဟုသုတ ဟင်းလေးအိုး

# ဂျပန်နိုင်ငံက ရထားစနစ်

ဂျပန်မှာ ရထားလိုင်းစနစ်ဟာ နိုင်ငံအနှံ့ ဖြန့်ကြက်ထားပြီး အထူးသဖြင့် မြို့ကြီးတွေမှာ မြေအောက်ရထားလိုင်းတွေအပါအဝင် ရထားလိုင်းတွေ အများကြီး ရှိပါတယ်။ မြို့ကြီး တစ်မြို့နဲ့တစ်မြို့ကို ရှင်းကန်းစဲန်း ကျည်ဆန်ရထား၊ အမြန်ရထားတွေနဲ့လည်း ဆက်သွယ်ပြေးဆွဲပေးနေတဲ့အတွက် ဝေးလံတဲ့ ဒေသတွေကို သွားလာရေးမှာ သက်သောင့်သက်သာရှိပါတယ်။

ရထားလိုင်းတွေ အများကြီးရှိတဲ့ ဂျပန့်ရထားစနစ်



©Tokyo Metro



Tokyo Station

ရထားလက်မှတ်ခ ဖော်ပြတဲ့ဇယားမှာ ကျသင့်ငွေကို အရင်ကြည့်ပြီး လက်မှတ်ဝယ်တဲ့ စက်ထဲကို ပိုက်ဆံထည့်ပြီး လက်မှတ်ဝယ်ရပါမယ်။ ကြိုတင်ငွေဖြည့်ထားတဲ့ IC ကတ်ပြားကို ဝယ်ထားတယ်ဆိုရင် လက်မှတ်ဂိတ်မှာ အဲဒီကတ်ပြားကို ထိလိုက်ရုံနဲ့ အဝင်အထွက် လုပ်လို့ရပါတယ်။ ကျသင့်ငွေကို စက်က အလိုအလျောက် ဖြတ်တောက်ထားလိုက်ပါတယ်။




©JR EAST




ဒါပေမဲ့ မနက်ပိုင်းနဲ့ ညနေပိုင်းတွေမှာ ဘူတာတွေနဲ့ ရထားတွေ လူ အရမ်းကျပ်တတ်တာမို့ သတိထားပါ။

အဖြေ ① このバスは空港(くうこう)に行(い)きますか。 Kono ba꜔su wa kuukoo ni ikima꜔su ka.

② この電車(でんしゃ)は新宿(しんじゅく)に行(い)きますか。 Kono densha wa Shinjuku ni ikima꜔su ka.